
7 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၆)
# တိုက်ပွဲဖြစ်ပွားမှုများ




■ အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

■ တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများ

■ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

## ■ ဒေသတိုင်းနီးပါးတိုက်ပွဲဖြစ်

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃ ရက်အတွင်း အခြေအနေကို ကြည့်ပါက တိုင်းနှင့်ပြည်နယ် ဒေသတိုင်းနီးပါးတွင် တိုက်ပွဲများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ တိုက်ပွဲအမျိုးအစားအားဖြင့် သုံးမျိုးခွဲခြားထားပြီး အာဏာသိမ်းစစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ဖြစ်ပွားသောတိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း ဖြစ်ပွားသောတိုက်ပွဲများ၊ အာဏာသိမ်း စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြားဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီဖြစ်ခဲ့ပြီး တကြိမ်မက ဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က ဖော်ပြခဲ့သော အချက်အလက်များနှင့် နှိုင်းယှဉ်ပါက **(အလေးထားရမည့်အကြောင်းအချက်များ အမှတ် - ၆၁ ကို ရှုပါ)** အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်နေသည့်တိုက်ပွဲများ ပိုများလာသည်ကို တွေ့နိုင်ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

7 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၆)

## တိုက်ပွဲဖြစ်ပွားမှုများ

### သုံးလအတွင်း တိုက်ပွဲနှင့် ပစ်ခတ်မှု အကြိမ် ၁,၀၀၀ နီးပါးရှိ





၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒီဇင်ဘာ ၃ ရက်အထိ **တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှု ၁,၉၄၈ ကြိမ်**ထက်မနည်း ရှိခဲ့သည့်အနက် **၁,၀၀၀ နီးပါး** ခန့်သည် သုံးလအတွင်း ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ **အရပ်သားသေဆုံးမှု အနေဖြင့် ၂၈၆ ဦး**ထက်မနည်း ရှိခဲ့ပါသည်။ တိုက်ပွဲနှင့် အပြန်အလှန်ပစ်ခတ်မှုများသည် စက်တင်ဘာတွင် အများဆုံးဖြစ်ခဲ့ပြီး **၃၄၄ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ အရပ်သားများသေဆုံးမှုသည် ဇွန်တွင် အများဆုံးဖြစ်ခဲ့သည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

7 December, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၆)
## တိုက်ပွဲဖြစ်ပွားမှုများ

### ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ တိုက်ပွဲဆင်မှု နိုဝင်ဘာတွင် အမြင့်ဆုံးဖြစ်





ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ တိုက်ပွဲဆင်မှုသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး တလအတွင်း **၁၁၆ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်မှုမှာ ရှစ်လတာကာလအတွင်း **၃၅၆ ကြိမ်**ထက်မနည်း ရှိခဲ့သည်။ အဆိုပါ တိုက်ပွဲများအနက် **၆၄ ရာခိုင်နှုန်း**ကျော်သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ခုခံတွန်းလှန်စစ် ကြေညာပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလအတွင်းတိုက်ပွဲဖြစ်မှုမြင့်တက်ရခြင်းအကြောင်းတခုမှာစစ်ကောင်စီကအနော်ရထာစစ်ဆင်ရေးအမည်ဖြင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အားကောင်းသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ထိုးစစ်ဆင်မှု ပြုလုပ်ခဲ့ခြင်းကြောင့်လည်း ဖြစ်ပါသည်။ နိုဝင်ဘာနောက်ဆုံးပတ်အတွင်းမှာပင် စစ်ကောင်စီက လေကြောင်းမှ ထိုးစစ်ဆင်ခဲ့သဖြင့် စစ်ကိုင်းတိုင်းနှင့် ဒီပဲယင်းမြို့နယ်များမှာ အရပ်သား **၂၀ ဦး**ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ ရှစ်လတာကာလအတွင်း စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား ဖြစ်ခဲ့သော တိုက်ပွဲနှင့် အပြန် အလှန်ပစ်ခတ်မှုများကြောင့် သေဆုံးသည့် အရပ်သား အရေအတွက် **၁၄၁ ဦး** ထက်မနည်း ရှိခဲ့ပါသည်။ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ အတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ ထိခိုက် ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင် အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၆)
## တိုက်ပွဲဖြစ်ပွားမှုများ

EAOs **နယ်မြေများတွင် တိုက်ပွဲဖြစ်မှု ၃၈ ရာခိုင်နှုန်းကျဆင်း**




EAOs နယ်မြေများတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ၃၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ နိုဝင်ဘာလအတွင်း EAOs နယ်မြေများ၌ **တိုက်ပွဲ ၁၈၈ ကြိမ်**ထက်မနည်း ဖြစ်ခဲ့ပြီး **၁၅၁ ကြိမ် ( ၈၃ ရာခိုင်နှုန်း)** မှာ KNU တပ်မဟာ (၅) နယ်မြေများတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒီဇင်ဘာ ၃ ရက်အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း အစရှိသော ဒေသများမှ EAOs နယ်မြေများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း **၁,၆၃၈ ကြိမ်** ထက်မနည်း ရှိခဲ့သည်။ ယခုအချက်အလက်များသည် လက်လှမ်းမီသမျှ စုစည်းထားခြင်းသာဖြစ်ပြီး မြေပြင်အခြေအနေတွင် ယခုထက် ပိုများနိုင်ပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။